# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ပြုလုပ်မှု** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်အကြောင်းတရပ်ရပ်ကို ထိပါးအန္တရာယ်ဖြစ်စေခြင်းငှာ မည်သည့်နည်းဖြင့်မဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းပြုလုပ်ခြင်း၊ ပြုလုပ်ရန်အားထုတ်ခြင်း၊ ပြုလုပ်ရန်အားပေးကူညီခြင်း သို့မဟုတ် ပြုလုပ်ရန်ပြင်ဆင်ခြင်းကိုဆိုသည်။

(ခ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသည့်အဖွဲ့ကိုဆိုသည်။

(ဂ) **အရေးယူခြင်းခံရသူ** ဆိုသည်မှာ ဤဥပဒေအရ မိမိ၏မူလအခွင့်အရေးတရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းကိုဖြစ်စေ၊ တားဆီးခြင်းကိုဖြစ်စေ ခံရသူကိုဆိုသည်။

## အခန်း (၂)
## အရေးပေါ်အခြေအနေကြေညာခြင်းနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်ခြင်း

၃။ နိုင်ငံတော်၏ အချုပ်အချာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် နိုင်ငံတော်ကောင်စီသည်-

(က) ဒေသတခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတော်တဝန်းလုံးတွင်ဖြစ်စေ အရေးပေါ်အခြေအနေကြေညာနိုင်သည်။

(ခ) ဒေသတခုခုတွင်ဖြစ်စေ၊ အချို့ဒေသတွင်ဖြစ်စေ၊ နိုင်ငံတော်တဝန်းလုံးတွင်ဖြစ်စေ နေထိုင်သော နိုင်ငံသားများ၏ မူလအခွင့်အရေးတရပ်ရပ်ကိုလည်း လိုအပ်သလို ကန့်သတ်ကြောင်း ကြေညာနိုင်သည်။

၄။ ပုဒ်မ ၃ အရ ကြေညာချက်သည် ရက်ပေါင်းခြောက်ဆယ်ထက်မပိုစေရ၊ ရက်ပေါင်းခြောက်ဆယ်ထက် ကျော်လွန်ထားရှိရန်လိုအပ်ပါက နိုင်ငံတော်ကောင်စီသည် အနီးကပ်ဆုံးလွှတ်တော် အစည်းအဝေးသို့တင်ပြရ အတည်ပြုချက်ရယူရမည်။ ရက်ပေါင်းခြောက်ဆယ်အတွင်း လွှတ်တော် အစည်းအဝေးကျင်းပရန်မရှိလျှင် လွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူရမည်။ လွှတ်တော်၏အတည်ပြုချက်မရရှိလျှင် ယင်းကြေညာချက်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။ ကြေညာချက်အာဏာတည်ခြင်းမှမရပ်စဲမီ ယင်းကြေညာချက်အရ တရားဝင်လုပ်ဆောင်ပြီးစီးခဲ့သမျှသည် အတည်ဖြစ်စေရမည်။

၅။ ကြေညာချက် ရုပ်သိမ်းသည်နှင့်တပြိုင်နက် ပုဒ်မ ၃ ပုဒ်မခွဲ (ခ) အရ ကန့်သတ်ချက်သည် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။

၆။ ပုဒ်မ ၃ အရ ကြေညာချက်ကို ရုပ်ပေါင်း ခြောက်ဆယ်ထက်မပိုသောကာလအတွင်း ရုပ်သိမ်းလျှင် နိုင်ငံတော်ကောင်စီသည် မိမိ၏ ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ လွှတ်တော၏ အတည်ပြုချက် မရရှိလျှင် ယင်း ကြေညာချက်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှရပ်စဲစေရမည်။ ကြေညာချက် အာဏာတည်ခြင်းမှ မရပ်စဲမီ ယင်းကြေညာချက်အရ တရားဝင်လုပ်ဆောင် ပြီးစီးခဲ့သမျှသည် အတည်ဖြစ်စေရမည်။

## အခန်း (၃)
## နိုင်ငံသားတဦးဦး၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း

၇။ နိုင်ငံသားတဦးဦးသည် နိုင်ငံတော်၏ အချုပ်အချာ အာဏာနှင့်နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတခုခုကို ပြုလုပ်ခဲ့သည့် သို့မဟုတ် ပြုလုပ်နေသည် သို့မဟုတ်ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်သည်။

၈။ ပုဒ်မ ၇ အရ လုပ်ပိုင်ခွင့်ကို ဝန်ကြီးအဖွဲ့သည် မိမိကိုယ်စားတာဝန်ယူဆောင်ရွက်ရန် ပြည်ထဲရေးနှင့် သာသနာရေးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကာကွယ်ရေး ဌာနဝန်ကြီးနှင့် နိုင်ငံခြားရေးဌာန ဝန်ကြီးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သောဗဟိုအဖွဲ့ကိုဖွဲ့စည်းရမည်။

၉။ ဤဥပဒေအရ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကန့်သတ်ရာ၌ အောက်ပါမူများကို တိကျစွာလိုက်နာရမည် ။

(က) အဖွဲ့ဖြင့်သာ ဆုံးဖြတ်၍ ကန့်သတ်မိန့်ချမှတ်ရမည်။

(ခ) မူလအခွင့်အရေးများအနက် လိုအပ်သရွေ့သာ ကန့်သတ်ရမည်။

(ဂ) ကာလအပိုင်း အခြားအားဖြင့် အတိုတောင်းဆုံး ဖြစ်စေရမည်။

(ဃ) ကန့်သတ်မိန့်ကို ပုံမှန်ပြန်လည် သုံးသပ်ရမည့်အပြင် ပုံမှန်အချိန်ထက်စော၍လည်း လိုအပ်သလို သုံးသပ်နေရမည်။

(င) အရေးယူခြင်းခံရသူအား တရားစွဲဆို နိုင်လောက်သည့် အချက်အလက်ပြည့်စုံလျှင် တရားစီရင်ရေး အဖွဲ့သို့ ချက်ချင်းပို့ရမည်။

(စ) အရေးယူခြင်း ခံရသူသည် ကန့်သတ်ခြင်း ခံရသည့်မူလအခွင့်အရေးများမှအပ အခြေခံဥပဒေပါ အခြားမူလအခွင့်အရေးများကိုမူ ခံစားခွင့်ရှိစေရမည်။

(ဆ) ပုဒ်မ ၇ ပါအကြောင်းတရပ်ရပ်ကို ထိပါး အန္တရာယ်ဖြစ်စေမည့် အကြောင်း မရှိတော့သည့်အချိန်တွင် ကန့်သတ်မိန့်ကို ချက်ချက်းပယ်ဖျက်ရမည်။

(ဇ) ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူအား ပြန်လွှတ်ပြီးနောက် မူလအရေးယူခဲ့သည့် ကိစ္စရပ်အပေါ် အခြေပြု၍ ဤဥပဒေအရ ထပ်မံ ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရ။

## အခန်း (၄)
## ကြိုတင်ကာကွယ်ခြင်းအတွက် လုပ်ပိုင်ခွင့်များ

၁၀။ ဗဟိုအဖွဲ့သည် နိုင်ငံတော်အား ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) အရေးယူခြင်းခံရသူအား တကြိမ်လျှင် ရက်ပေါင်းခြောက်ဆယ်ထက်မပိုစေပဲ စုစုပေါင်း ရက်တစ်ရာ့ ရှစ်ဆယ်အထိဖမ်းချုပ်နှောင်ထားနိုင်ခြင်း၊

(ခ) အရေးယူခြင်းခံရသူအား တနှစ်အထိ တားဆီးမှုပြုလုပ်နိုင်ခြင်း။

၁၁။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ အရေးယူခြင်းခံရသူအား အောက်ပါအတိုင်း တားဆီးမှုပြုလုပ် နိုင်သည်။

(က) မည်သည့်နေရာဒေသတွင်မနေထိုင်ရဟု သတ်မှတ်ခြင်း၊

(ခ) မည်သည့် နေရာဒေသတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း၊

(ဂ) သွားလာမှုများကို လိုအပ်သလိုတားဆီးခြင်း၊

(ဃ) သတ်မှတ်သည့် အရာဝတ္ထုများကို လက်ဝယ်ထားရှိခြင်း၊ သို့မဟုတ် အသုံးပြုခြင်းကို ပိတ်ပင် တားဆီးခြင်း။

၁၂။ ဗဟိုအဖွဲ့သည် အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပါ ကာလ အပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ ဗဟိုအဖွဲ့သည် အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀ ပုဒ်ပခွဲ (ခ) ပါကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက်တားဆီးမှု ပြုလုပ်ရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၄။ ဝန်ကြီးအဖွဲ့သည် ဆက်လက် ဖမ်းဆီး ချုပ်နှောင်ရန် ဖြစ်စေ၊ ဆက်လက်တားဆီးမှု ပြုလုပ်ရန်ဖြစ်စေ ကြိုတင် ခွင့်ပြုချက် ပေးရာတကြိမ်လျှင် ရက်ပေါင်း တရာ့ရှစ်ဆယ်ထက် မပိုစေပဲ စုစုပေါင်း ၃ နှစ် အထိ ခွင့်ပြုနိုင်သည်။

၁၅။ ဗဟိုအဖွဲ့သည် ဖမ်းဆီးချုပ်နှောင်ခြင်း သို့မဟုတ် တားဆီးခြင်း ပြုလုပ်ရန်လိုအပ်သည့်အခါ ဝန်ထမ်း အဖွဲ့အစည်း တရပ်ရပ်အား ဆောင်ရွက်ရန်ညွှန်ကြားနိုင်သည်။

## အခန်း (၅)
## ပြန်လည်သုံးသပ်ခြင်း

၁၆။ ဝန်ကြီးအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့သည် ကန့်သတ်မိန့်၊ ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်ကို အောက်ပါအတိုင် ပြန်လည်သုံးသပ်၍ လိုအပ်သလိုဆောင်ရွက်ရမည်-

(က) ရက်ပေါင်း ခြောက်ဆယ်လျှင် အနည်းဆုံး တကြိမ်ပုံမှန် ပြန်လည်သုံးသပ်ရမည်။

(ခ) ကန့်သတ်ချက်ကို ပြင်ဆင်သင့်က ပြင်ဆင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ရမည်၊

(ဂ) ဖမ်းဆီး ချုပ်နှောင်မိန့်ကို ပြင်ဆင်သင့်က ပြင်ဆင်၍ ပယ်ဖျက်သင့်က ပယ်ဖျက်ရမည်။

## အခန်း (၆)
## အစီရင်ခံခြင်း

၁၇။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့သို့ ရက်ပေါင်းကိုးဆယ်လျှင် တကြိမ်ပုံမှန် အစီရင်ခံရမည်။

၁၈။ ဝန်ကြီးအဖွဲ့သည် ဗဟိုအဖွဲ့၏ အစီရင်ခံစာကို အခြေခံ၍ ဗဟိုအဖွဲ့က ချမှတ်သည့် ကန့်သတ်မိန့် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်များကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

## အခန်း (၇)
## အယူခံခြင်း

၁၉။ ဤဥပဒေအရ အရေးယူခြင်းခံရသူသည် အရေးယူခြင်းခံနေရသည့်ကာလအတွင်း အယူခံခွင့်ရှိသည်။

၂၀။ ဗဟိုအဖွဲ့မှ ချမှတ်သော ကန့်သတ်မိန့် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် တားဆီးမိန့်အပေါ် ဝန်ကြီးအဖွဲ့သို့ အယူခံနိုင်သည်။ ဝန်ကြီးအဖွဲ့သည် အမိန့်ကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုလုပ်နိုင်သည်။

၂၁။ ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ချမှတ်သော ဗဟိုအဖွဲ့၏ ဆက်လက် ဖမ်းဆီးချုပ်နှောင်မိန့် သို့မဟုတ် ဆက်လက်တားဆီးမိန့်အပေါ် ပြည်သူ့တရားသူကြီးအဖွဲ့သို့ အယူခံနိုင်သည်။ ပြည်သူ့တရားသူကြီးအဖွဲ့သည် အမိန့်ကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း အတည်ပြုခြင်း ပြုလုပ်နိုင်သည်။